(ဃ) မိမိလုပ်ငန်း၏ စာရင်းဇယားမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ပြုစုထိန်းသိမ်းထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီစစ်ဆေးမှုကိုခံယူခြင်း၊

(င) နစ်နာမှုများ၊ စီးပွားရေးဆိုင်ရာ အကာအကွယ်ရယူလိုမှုများနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာ အေဂျင်စီမှတစ်ဆင့် အေဂျင်စီသို့ တင်ပြခွင့်ရှိခြင်း၊

(စ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးချရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တန်ဖိုးဖြင့်ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် စက်ကိရိယာများ အသုံးပြုရေးတို့အတွက် အေဂျင်စီမှတစ်ဆင့် အစိုးရနှင့်အစိုးရမဟုတ်သော နည်းပညာဆိုင်ရာ သုတေသနဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊

(ဆ) ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲများသို့ အေဂျင်စီ၏ အစီအစဉ်ဖြင့်ဖြစ်စေ၊ အခြားအစီအစဉ်ဖြင့်ဖြစ်စေ တက်ရောက်နိုင်ခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများက ထောက်ပံ့သည့် ငွေကြေးနှင့် အခြားဝန်ဆောင်မှုများရရှိရန် အေဂျင်စီမှတစ်ဆင့် လျှောက်ထားနိုင်ခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံချက်များအလိုက် ချေးငွေရယူဆောင်ရွက်နိုင်ရန် အေဂျင်စီသို့ လျှောက်ထားနိုင်ခြင်း၊

(ည) ပြည်တွင်း၊ ပြည်ပစီးပွားရေးကွန်ရက်များတွင် အေဂျင်စီ၏အစီအစဉ်ဖြင့် ပါဝင်နိုင်ခြင်း။

အခန်း (၁၉)

မှတ်ပုံတင်ခြင်း

၃၂။ အေဂျင်စီသည် -

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက သက်ဆိုင်ရာလိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် အသိအမှတ်ပြုလက်မှတ် တင်ပြနိုင်လျှင် မှတ်ပုံတင်ခွင့်ပြုပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ခ) လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် အသိအမှတ်ပြုလက်မှတ် တင်ပြရန် မလိုအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖြစ်ပါက အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်လျှင် မှတ်ပုံတင်ခွင့်ပြုရမည် -

(၁) ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှု မရှိခြင်း၊

(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်ခြင်းနှင့် ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စီမံဆောင်ရွက်ထားခြင်း၊

(၄) လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် အလုပ်သမားများ ကျန်းမာရေးထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားခြင်း။

၃၃။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့၌ မှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်းလိုင်စင် ထုတ်ယူခြင်းနှင့် လိုအပ်သော ထောက်ခံချက်များ လျှောက်ထားခြင်းတို့ပြုနိုင်သည်။

၃၄။ အေဂျင်စီသည် အောက်ပါအကြောင်းအရာတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ မှတ်ပုံတင်ခွင့်ကို ပြန်လည်ရုပ်သိမ်းရမည် -

(က) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ထက်ကျော်လွန်၍ စီးပွားရေးလုပ်ငန်းများ ပြောင်းလဲဖြစ်ပေါ်မှုသည် ကန့်သတ်ကာလ သုံးနှစ်ထက်ကျော်လွန်ခြင်း။

အခန်း (၂၀)

အထွေထွေ

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၊ ဒေသဆိုင်ရာ အေဂျင်စီနှင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောအဖွဲ့တို့၏ ရုံးလုပ်ငန်းများကို *စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

တာဝန်ယူဆောင်ရွက်ရမည်အပြင် ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံရမည်။

၃၆။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ အောဂျင်စီအဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဝင်တို့၏ ချိုးဖြင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၃၇။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၃၈။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၉။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃/၂၀၁၅) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် လိုအပ်သောအဓိန့်ကြော်ငြာစာ၊ အဓိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အောဂျင်စီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့သည် လုပ်ငန်းကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော အဓိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၁။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဝုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်





ရေစက်သွန်းလောင်းအမျှပေးဝေ

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ၊ ဧည့်ပရိသတ်များ အောင်စည်သာကျောင်းတိုက် ဆရာတော်ကြီးထံမှ ကထိန် အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ ပုဗ္ဗသိရိမြို့နယ် အောင်စည်သာကျောင်းတိုက် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

** ရှေ့ဖုံးမှ*

ပုဗ္ဗသိရိမြို့နယ် အောင်စည်သာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏ အမှူးပြုသော ဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၁၈ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိစစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်းအသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လှူသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သီရိမင်္ဂလာ ဝဲကြီးပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ပုဗ္ဗသိရိမြို့နယ် သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်ခံ နေပြည်တော် ဓမ္မောသိရိမြို့နယ် ရေဆင်းကန်ဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ ကထိန်လှူသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီးတို့က ပုဗ္ဗသိရိမြို့နယ် အောင်စည်သာကျောင်းတိုက် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များသည် နေပြည်တော်တိုင်း သံဃနာယကအကျိုးတော်ဆောင်၊ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဓေယျကျောင်းတိုက် ဆရာတော် မဟာဂန္ဓဝါဓကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကိတ္တိသာရနှင့် နိုင်ငံတော်ဗဟိုသံဃဥက္ခဏ်ဆောင်၊ ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမ အုန်းတောပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တတိသတို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညိုကြသည်။

ယင်းနောက် အောင်စည်သာကျောင်းတိုက် ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို "ပုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းခြင်းဖြင့် အခမ်းအနားအပြီးတွင် သီရိမင်္ဂလာဝဲကြီးကျောင်း ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် မိသားစု မဟာဘုံကထိန် အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များအား နိုဝင်ဘာ ၁၉ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပုဝါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့ကြသည်။

ယနေ့ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ပေးပို့လှူဒါန်းသော ပဒေသာပင်တစ်ခု အပါအဝင် ရုံး၊ ဌာနအသီးသီးမှ လှူဒါန်းသော ပဒေသာပင် စုစုပေါင်း ၈၈ ခု၊ ပစ္စည်း တန်ဖိုးငွေကျပ် ၂၁၉၉၇၂၃၇၀ နှင့် ငွေသားတန်ဖိုးငွေကျပ် ၁၁၈၆၁၇၁၈၅ ကျပ်တို့ ဖြစ်သဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၃၈၅၃၇၅၅ ကို လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်း အသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရေကြည်လင်မှ စိတ်အေးချမ်း၊
ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။

သဘာဝကပေး ရေချိုအေး၊
ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။

စည်းလုံးညီညွတ်မှုအင်အားနဲ့ ရင်ဆိုင်ကျော်လွှားရမည့် ICJ တရားရုံးဆုံးဖြတ်ချက်

မြန်မာပြည်သူများ အထူးစိတ်ဝင်စားနေကြတဲ့ Genocide အမှုမှာ သာမန်အားဖြင့်တော့ ICJ တရားရုံးရဲ့ဆုံးဖြတ်ချက်အရ ဂမ်ဘီယာနိုင်ငံက အသာစီးရရှိပြီး မြန်မာနိုင်ငံက ရှုံးနိမ့်သွားတယ်လို့ ထင်မြင်ယူဆကြမှာ ဖြစ်ပါတယ်။

မင်းခန့်



ဒါပေမယ့် တကယ်တမ်းထဲထဲဝင်ဝင် လေ့လာသုံးသပ်ကြည့်ရင်တော့ အချက်အများအပြားမှာ အရေးနိမ့်ခဲ့ရတာ မှန်ပေမယ့် လုံးလုံးလျားလျား ခေါင်းမထူနိုင်လောက်အောင် ဆိုးရွားလှတာတော့ မဟုတ်ပါဘူး။ တချို့နေရာတွေမှာ အားသာချက်တွေလည်း ရှိနိုင်တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ICJ တရားရုံးရဲ့ ဂုဏ်သိက္ခာကို ယုံကြည်ခဲ့လို့ ဂမ်ဘီယာက တရားစွဲဆိုတဲ့အမှုကို ရိုးသားဖြောင့်မတ်စွာ သွားရောက်ရင်ဆိုင်ဖြေရှင်းခဲ့ခြင်းဖြစ်ပါတယ်။ အမှုရင်ဆိုင်ခဲ့တဲ့ ၇ နှစ်တာကာလအတွင်း တရားရုံးရဲ့ အမိန့်တွေ၊ ညွှန်ကြားချက်တွေကို တာဝန်သိစွာ အပြည့်အဝလိုက်နာခဲ့ပါတယ်။ မိမိတို့ဘက်က လူမျိုးသုဉ်းအောင် တမင်ရည်ရွယ်ချက်နဲ့ လုပ်ဆောင်တာမရှိဘဲ အာဆာအကြမ်းဖက်အဖွဲ့ရဲ့ ဆိုးရွားလှတဲ့လုပ်ရပ်တွေကို တားဆီးနိုင်ဖို့ အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်မှုတွေ လုပ်ဆောင်ခဲ့တာဖြစ်ကြောင်း ဥပဒေအကြောင်းခြင်းရာနဲ့ သက်သေအထောက်အထား အချက်အလက်တွေပါ ခိုင်ခိုင်လုံလုံ တင်သွင်းခဲ့တာဖြစ်ပါတယ်။ မြန်မာကသာ တရားရုံးကို သွားပြီး ဒီလိုရင်ဆိုင်ချေပမှုမပြုခဲ့ဘူးဆိုရင်လည်း ICJ တရားရုံးက ဒီထက်မက ပိုမိုဆိုးရွားတဲ့ ဆုံးဖြတ်ချက်တွေကို ထောက်ခံမဲ့ ၁၅ မဲ၊ ကန့်ကွက်မဲ သုညနဲ့ ဆုံးဖြတ်ခံရမှာပဲ ဖြစ်ပါတယ်။

ယခုလို သွားရောက်ရင်ဆိုင်ဖြေရှင်းခဲ့တဲ့အတွက် မြန်မာနိုင်ငံရဲ့ ခိုင်မာတဲ့သက်သေ အထောက်အထားများနဲ့ ခုခံလျှောက်လဲချက်များဟာ ICJ တရားရုံးမှာ နိုင်ငံတကာအဆင့် မှတ်တမ်းဝင်သွားပြီဖြစ်ပါတယ်။ အဲလို မဖြေရှင်းခဲ့ဘူးဆိုရင် ဂမ်ဘီယာ စွပ်စွဲသမျှ ကန္တာက အမှန်တွေချည်းလို့ ထင်မြင်ကြမှာ ဖြစ်ပါတယ်။ ဒါကလည်း အရှုံးထဲက အမြတ် တစ်ခုလို့ ဆိုနိုင်ပါတယ်။

ICJ က စီရင်ချက်ချမှတ်ခဲ့တဲ့ အချက် ၁၃ ချက်ရှိပြီး တရားသူကြီး ၁၅ ဦးက တစ်ချက်ချင်းကို မဲပေးပြီးတော့မှ ဆုံးဖြတ်ခဲ့တယ်လို့ ဆိုပါတယ်။ ဆုံးဖြတ်ချက် အမှတ်စဉ် (၁) နဲ့ အမှတ်စဉ် (၂) ကတော့ လူမျိုးသုဉ်းကျူးလွန်ခဲ့ကြောင်းနဲ့ ကျူးလွန်ခြင်းကို တားဆီးရန် ပျက်ကွက်ခဲ့ကြောင်း ထောက်ခံ ၉ မဲ၊ ကန့်ကွက် ၆ မဲနဲ့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒီဆုံးဖြတ်ချက်နဲ့ပတ်သက်လို့တော့ ဂမ်ဘီယာနိုင်ငံဘက်က တင်သွင်းတဲ့သက်သေတွေက မခိုင်လုံပေမယ့်လည်း ခိုင်မာမှုမရှိတဲ့ မျက်မြင်သက်သေဆိုသူတွေရဲ့ ထွက်ဆိုချက်တွေကို တရားရုံးက လက်ခံလိုက်တဲ့အတွက် အသတ်ခံရတဲ့ ကိန်းဂဏန်းတွေ ဖောင်းပွခြင်း၊ ပုံကြီးချဲ့ဖြစ်စဉ်များကို လက်ခံခံခြင်းတို့ကြောင့် ဒီလိုဆုံးဖြတ်ခဲ့ခြင်း ဖြစ်နိုင်ပါတယ်။ ၆ မဲ ၉ မဲနဲ့ကပဲပြီး အရေးနိမ့်ခဲ့ရတာဖြစ်တဲ့အတွက် မြန်မာဘက်ကလျှောက်လဲချက်တွေဟာ ထိရောက်ခဲ့ပြီး တချို့တရားသူကြီးတွေက အစဉ်အလာအရ အခုလို အမှုကြီးတွေမှာ ထားရှိရမဲ့ဖြစ်တဲ့ မြင့်မားတဲ့ သက်သေခံခိုင်လုံမှုအဆင့်အတန်းကို အကြောင်းအမျိုးမျိုးကြောင့် လျှော့ပေါ့ပြီး ဂမ်ဘီယာဘက်ကို အသာပေး ဆုံးဖြတ်ခဲ့တယ်လို့ ယူဆရပါတယ်။ သဘောထားကွဲလွဲတဲ့ တရားသူကြီး ၆ ဦးရဲ့ ပူးတွဲကြေညာချက်မှာ တရားရုံးရဲ့ ဒီလိုစံနှုန်း နှိမ့်ချသွေဖည်မှုကို အပြင်းအထန်ထောက်ပြဝေဖန်ခဲ့ကြတာ တွေ့ရပါတယ်။

ဆုံးဖြတ်ချက် (၃) မှာတော့ လူမျိုးသုဉ်းသတ်ဖြတ်ရန် ချိုးဖောက်မှု မှန်သမျှကို ရပ်တန့်ရန် ၁၄ မဲ ၁ မဲနဲ့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီအချက်ကတော့ မြန်မာနိုင်ငံအနေနဲ့ ဒီအမှုမှာ ပါဝင်ရင်ဆိုင်ခဲ့တဲ့ အချိန်ကစပြီး လူမျိုးသုဉ်းသတ်ဖြတ်ခြင်းကို ကျူးလွန်မှုမရှိကြောင်း ထည့်သွင်းပြင်ဆင်ခဲ့ပေမယ့် မလုံလောက်ဘူးလို့ တရားရုံးက ယူဆခဲ့တာဖြစ်ပါတယ်။ ဒါကတော့ လူမျိုးသုဉ်းစေမှုကို သီးခြားရည်ရွယ်တားဆီးတဲ့ ဥပဒေကို ပြဋ္ဌာန်းလိုက်ပြီး ဖြေရှင်းလို့ရတဲ့အချက်ပဲ ဖြစ်ပါတယ်။

ဆုံးဖြတ်ချက် (၆) မှာတော့ လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်သူ အရပ်သားတွေကို ပြစ်ဒဏ်ပေးရန် မြန်မာဘက်က ပျက်ကွက်ခဲ့ကြောင်း ၁၁ မဲ ၄ မဲနဲ့ အတည်ပြုခဲ့ပါတယ်။ ဒါပေမယ့်လည်း အဲဒီ ပြစ်ဒဏ် ကျူးလွန်ခဲ့တဲ့သူတွေကို မြန်မာနိုင်ငံကပဲ လွတ်လပ်တဲ့ ခုံရုံးဖွဲ့စည်းစစ်ဆေးပြီး အရေးယူရမှာဖြစ်ပါတယ်။ ယခင်ဖြစ်စဉ်များတုန်းက ကျူးလွန်သူတွေကို ICC နဲ့ အလားတူ အခြားနိုင်ငံတကာ ခုံရုံးတွေကို လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့ဖူးပေမယ့် ယခုဖြစ်စဉ်မှာတော့ ICC ကို လွှဲပြောင်းပေးစေခြင်း မရှိတာကို တွေ့ရှိရပါတယ်။ ဒါကလည်း မြန်မာအတွက် ကောင်းမွန်တဲ့ရလဒ်တစ်ခုလို့ ဆိုနိုင်ပါတယ်။

ဆုံးဖြတ်ချက်(၅)မှာတော့ မြန်မာနိုင်ငံမှာ လူမျိုးသုဉ်းသတ်ဖြတ်မှုကို တားဆီးရမယ့် ဥပဒေများ ပြဋ္ဌာန်းထားခြင်းမရှိကြောင်း ၁၄ မဲ ၁ မဲနဲ့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီအချက်ကတော့ မြန်မာနိုင်ငံမှာ လူသတ်မှုများအတွက် ပြဋ္ဌာန်းထားရှိတဲ့ ရာဇဝတ်ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီး ဥပဒေမှာ လူမျိုးသုဉ်းစေမှုကို ပုံမှန်အစီရင်ခံနေခဲ့တဲ့အတွက် လိုက်နာဆောင်ရွက်ပြီး ဖြစ်နေပါတယ်။

ဆုံးဖြတ်ချက် (၇) ကတော့ ဆုံးဖြတ်ချက် (၄) နဲ့ သဘောတရားတူညီပြီး ကျူးလွန်ရန် သံသယရှိသူတွေကို မြန်မာနိုင်ငံအစီအစဉ်နဲ့ စုံစမ်းစစ်ဆေးအရေးယူရန် ၁၃ မဲ ၂ မဲနဲ့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဆုံးဖြတ်ချက် (၈) ကတော့ အလားတူချိုးဖောက်မှုများ မဖြစ်စေရန် တားဆီးကာကွယ်ရမယ်ဆိုတဲ့ အချက်ဖြစ်ပြီး ဆုံးဖြတ်ချက်(၁) နဲ့ (၂) ရဲ့ သဘောတရား အတူတူပင် ဖြစ်ပါတယ်။

ဆုံးဖြတ်ချက် (၉) မှာတော့ ပြန်လည်ထူထောင်ပေးရေး အစီအမံချမှတ် ဆောင်ရွက်ရန်အတွက် ၁၀ မဲ ၅ မဲနဲ့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီအချက်ကတော့ လက်ရှိမှာလည်း မြန်မာအစိုးရအနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပြီး အာဆီယံ၊ ကုလသမဂ္ဂအဖွဲ့အစည်းအချို့နဲ့ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ စတဲ့နိုင်ငံတွေနဲ့ပါ ပူးပေါင်းပြီး လုပ်ဆောင်ပေးနေတဲ့အချက်ဖြစ်တဲ့အတွက် မြန်မာအစိုးရအနေနဲ့ အခက်အခဲမရှိတဲ့ အချက်ဖြစ်ပါတယ်။

ဆုံးဖြတ်ချက် (၁၀) နဲ့ (၁၁) ကတော့ ထိခိုက်နစ်နာခဲ့သူများကို လျော်ကြေးငွေပေးအပ်ရန် တာဝန်ရှိကြောင်း ၁၀ မဲ ၅ မဲနဲ့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်မှာလည်း လျော်ကြေးငွေကို ဂမ်ဘီယာကို ပေးစရာမလိုဘဲ ဘယ်သူတွေက နစ်နာတယ်၊ လျော်ကြေး ဘယ်လောက်ပေးရမယ်၊ ဘယ်လိုပေးရမယ်ဆိုတာကို မြန်မာနိုင်ငံကပဲ တာဝန်ယူပြီး ၂ နှစ်အတွင်း လေ့လာဆောင်ရွက်ကာ ICJ က အတည်ပြုဆုံးဖြတ်ပေးရမှာ ဖြစ်တဲ့အတွက် ဂမ်ဘီယာအတွက်တော့ မှန်းချက်နဲ့ နှမ်းထွက်မကိုက်တဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။

ဆုံးဖြတ်ချက် (၁၂) ကတော့ သက်သေခံပစ္စည်းများ ဖျက်ဆီးထားကြောင်း ၁၁ မဲ ၄ မဲနဲ့ ဆုံးဖြတ်ခဲ့ပြီး မြန်မာဘက်က သီးခြားဆောင်ရွက်ရန် မလိုတဲ့အချက်ဖြစ်ပါတယ်။ ဆုံးဖြတ်ချက် (၁၃) ကတော့ ဘင်္ဂါလီများကို နိုင်ငံသားပေးဖို့ သူတို့လိုလားတဲ့ လူမျိုးအမည်ကို တရားဝင်သတ်မှတ်ပေးဖို့ အချက်များအပါအဝင် ဂမ်ဘီယာနိုင်ငံက အခြားလျှောက်ထားတင်ပြချက်အားလုံးကို ၁၅ မဲ သုညမဲနဲ့ မြန်မာဘက်က အနိုင်ရရှိခဲ့ပါတယ်။

အားလုံးကို ခြုံငုံသုံးသပ်လိုက်ရင်တော့ မြန်မာရှုံးတယ်လို့ ပြောလို့မရဘဲ ဂမ်ဘီယာနိုင်ငံဘက်က လိုလားတဲ့ ဘင်္ဂါလီတွေ နိုင်ငံသားဖြစ်ခွင့်ရရှိရေး၊ ကျူးလွန်သူတွေကို ICC တရားရုံးကို လွှဲပြောင်းပေးအပ်ရေးနဲ့ လျော်ကြေးငွေများ မတန်တဆရရှိရေးဆိုတဲ့အချက်တွေကို လုံးဝမရရှိဘဲ မြန်မာအစိုးရအနေနဲ့ ကိုယ့်ရဲ့အချုပ်အခြာအာဏာအတိုင်း ရပ်တည်ဆောင်ရွက်ခွင့်ရရှိသွားတာပဲ ဖြစ်ပါတယ်။

မြန်မာအစိုးရအနေဖြင့် ICJ တရားရုံးကို သွားရောက်ရင်ဆိုင်မှုမပြုခဲ့ရင် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲမတိုင်မီကာလမှာ တစ်ဖက်သတ် ဆုံးဖြတ်ချက်နဲ့ အမှုက အဆုံးသတ်သွားမှာဖြစ်ပြီး ၁၅ မဲ သုညမဲနဲ့ နိုင်ငံရဲ့နယ်မြေကို ဖဲ့ထုတ်သွားရန် ရည်ရွယ်ချက်ကို တားဆီးလိုက်နိုင်ခြင်းဟာ မြန်မာ

“ ယခုဆုံးဖြတ်ချက်များကို လေ့လာသုံးသပ်ပြီး တခြားအချုပ်အခြာအာဏာပိုင်နိုင်ငံများနည်းတူ မြန်မာအစိုးရအနေဖြင့် အမျိုးသားအကျိုးစီးပွားနဲ့ ပကတိအခြေအနေတွေအပေါ်မှာ မူတည်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ဒီလို လုပ်ဆောင်ရာမှာ သံတမန်ရေးအရလည်း မိတ်ဖက်နိုင်ငံကြီးတွေရဲ့ အကူအညီကိုရယူပြီး နိုင်ငံတကာမျက်နှာစာမှာ လှုပ်ရှားဆောင်ရွက်သွားဖို့လည်း လိုပါလိမ့်မယ် ”

နိုင်ငံအတွက် အမြတ်ရရှိခြင်း ဖြစ်ပါတယ်။

ယခုဆုံးဖြတ်ချက်များကို လေ့လာသုံးသပ်ပြီး တခြားအချုပ်အခြာအာဏာပိုင် နိုင်ငံများနည်းတူ မြန်မာအစိုးရအနေဖြင့် အမျိုးသားအကျိုးစီးပွားနဲ့ ပကတိအခြေအနေတွေအပေါ်မှာ မူတည်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ဒီလို လုပ်ဆောင်ရာမှာ သံတမန်ရေးအရလည်း မိတ်ဖက်နိုင်ငံကြီးတွေရဲ့ အကူအညီကိုရယူပြီး နိုင်ငံတကာမျက်နှာစာမှာ လှုပ်ရှားဆောင်ရွက်သွားဖို့လည်း လိုပါလိမ့်မယ်။

နိုင်ငံတကာအလိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာလွတ်လပ်မှုနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားပြီး မြန်မာနိုင်ငံရင်ဆိုင်နေရတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုများကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သင့်ပြီး အခြေအနေ ပိုမိုကောင်းမွန်စေရေးအတွက် အပြုသဘောဖြင့် ပူးပေါင်းပါဝင်သင့်ပါတယ်။ ဆုံးဖြတ်ချက်ချမှတ်ခဲ့တဲ့ တရားသူကြီးများအကြား သဘောထားအမြင် ကွဲပြားမှုများရှိနေပြီး ရှုပ်ထွေးရှည်လျားတဲ့ တရားရုံးဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံအစိုးရအနေဖြင့် အချိန်ယူအလေးထားလေ့လာသွားမှာဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

အားလုံးကို အနှစ်ချုပ်လိုက်ရင် မြန်မာနိုင်ငံသားများအနေဖြင့် ICJ ရဲ့ ဆုံးဖြတ်ချက်အပေါ် အလွန်အမင်းစိုးရိမ်ပူပန်စရာမလိုဘဲ ကိုယ့်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တစ်နိုင်ငံလုံးရဲ့ စည်းလုံးညီညွတ်မှုအင်အားနဲ့ နိုင်ငံတော်အစိုးရ တပ်မတော်နဲ့ ပြည်သူတို့ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် ဘယ်လိုအနှောင့်အယှက် အခက်အခဲမဆို ရင်ဆိုင်ကျော်လွှားကာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။ ။

“ မြန်မာနိုင်ငံအနေနဲ့ ICJ တရားရုံးရဲ့ ဂုဏ်သိက္ခာကို ယုံကြည်ခဲ့လို့ ဂမ်ဘီယာက တရားစွဲဆိုတဲ့အမှုကို ရိုးသားဖြောင့်မတ်စွာ သွားရောက်ရင်ဆိုင်ဖြေရှင်းခဲ့ခြင်းဖြစ်ပါတယ်။ အမှုရင်ဆိုင်ခဲ့တဲ့ ၇ နှစ်တာကာလအတွင်း တရားရုံးရဲ့ အမိန့်တွေ၊ ညွှန်ကြားချက်တွေကို တာဝန်သိစွာ အပြည့်အဝလိုက်နာခဲ့ပါတယ်။ မိမိတို့ဘက်က လူမျိုးသုဉ်းအောင် တမင်ရည်ရွယ်ချက်နဲ့ လုပ်ဆောင်တာမရှိဘဲ အာဆာအကြမ်းဖက်အဖွဲ့ရဲ့ ဆိုးရွားလှတဲ့လုပ်ရပ်တွေကို တားဆီးနိုင်ဖို့ အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်မှုတွေ လုပ်ဆောင်ခဲ့တာဖြစ်ကြောင်း ဥပဒေအကြောင်းခြင်းရာနဲ့ သက်သေအထောက်အထားအချက်အလက်တွေပါ ခိုင်ခိုင်လုံလုံ တင်သွင်းချေပခဲ့တာ ဖြစ်ပါတယ်။ မြန်မာကသာ တရားရုံးကိုသွားပြီး ဒီလိုရင်ဆိုင်ချေပမှု မပြုခဲ့ဘူးဆိုရင်လည်း ICJ တရားရုံးက ဒီထက်မက ပိုမိုဆိုးရွားတဲ့ ဆုံးဖြတ်ချက်တွေကို ထောက်ခံမဲ့ ၁၅ မဲ၊ ကန့်ကွက်မဲ သုညနဲ့ ဆုံးဖြတ်ခံရမှာပဲ ဖြစ်ပါတယ် ”

ကျေးလက်ဒေသ အမျိုးသမီးများပွဲဖြိုးတိုးတက်ရေးစီမံချက်အရ ကျေးရွာအဆင့်သင်တန်းများကို နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ကျေးရွာ ၄၆ ရွာတွင် ကနဦးအကောင်အထည်ဖော်ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၂၁

"ကျေးလက်ဒေသ အမျိုးသမီးများ ပွဲဖြိုးတိုးတက်ရေးစီမံချက်"ပါ ကျေးရွာအဆင့် သင်တန်းများသည် အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်း၍ သက်ဆိုင်ရာကျေးရွာများ၌ ရွေးချယ်ထားသောဆယ်အိမ်စု စေတနာ့ဝန်ထမ်းများကိုဗဟိုအဆင့် သင်တန်းဆင်း နည်းပြများက ထပ်ဆင့် ပို့ချလျက်ရှိပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ကျေးရွာ ၄၆ ရွာတွင်ကနဦးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် သည် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နာယက၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၌ ကျေးလက်ဒေသ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းပါ ကျေးရွာများတွင် ဆယ်အိမ်စု စေတနာ့ဝန်ထမ်းများ ကျေးရွာအဆင့် ဆင့်ပွားသင်တန်းများကို ဖွင့်လှစ် ဆောင်ရွက်နေသည့် အုန်းတောဘုန်းတော်ကြီးကျောင်း၊ ပေါက်တော စံပြကျေးရွာ၊ ဒက္ခိဏာသီရိမြို့နယ်နှင့် ထိန်ပင်ဘုန်းတော်ကြီးကျောင်း၊ ထိန်ပင်ကျေးရွာ၊ ဓေယျာသီရိမြို့နယ်တို့သို့ သွားရောက် ကြည့်ရှုသည်။

ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးရွာအဆင့် သင်တန်းများမှ သင်တန်းသူ စေတနာ့ဝန်ထမ်းများစီမံချက်နှင့် စပ်လျဉ်း၍ ကျေးလက်ဒေသနေ အမျိုးသမီးများအားလုံး၏ ဘဝဖွံ့ဖြိုးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမျိုးသမီးများ ကျား၊ မ အခြေပြု အကြမ်းဖက်မှုမှ ကင်းဝေးစေရေး အတွက် ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ စီမံချက်တွင် ကဏ္ဍကြီး ၆ ရပ်ပါ လိုက်နာ ဆောင်ရွက်ရမည့် အမူအကျင့်များကို မိမိတို့ ဆယ်အိမ်စု အတွင်းရှိ မိသားစုဝင်များအား လက်ဆင့်ကမ်း ဝေမျှရမည်ဖြစ်ပါကြောင်း၊ "ကျန်းမာရေးအစအိမ်တွင်းက" ဆိုသည်ကို ကျေးရွာအတွင်းရှိ အိမ်ထောင်စုဝင်များက လက်ခံကျင့်သုံးနိုင်ရေးနှင့် အမူအကျင့် ပြောင်းလဲနိုင်ရေးတို့ အတွက်အသိပညာပေးရန် အလွန်အရေးကြီးပါကြောင်း၊ ဤသင်တန်းမှ ရရှိသော အသိပညာများအား မိမိတို့ ဆယ်အိမ်စုအတွင်း စည်းရုံးဟောပြောခြင်းဖြင့် အမူအကျင့်ကောင်းများ ရရှိသွားမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❐ *ရှေ့ဖုံးမှ*

မှတ်သားရသည်။ အဆိုပါ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်၍ အသိအမှတ်ပြုကြိုဆိုကြောင်း ဖော်ပြချက်အချို့ကို မြန်မာနိုင်ငံက အသိအမှတ်ပြုသော်လည်း အာဆီယံထိပ်သီးအစည်းအဝေး၏ကြေညာချက်နှင့်အကြံပြုတိုက်တွန်းချက်များသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်များအပေါ် ထင်ဟပ်မှုမရှိသည့် အပြင် တရားမျှတမှုမရှိကြောင်း တွေ့ရှိရသည်။

အာဆီယံသည် မြန်မာနိုင်ငံအပေါ် တူညီဆန္ဒမရှိသေးသော်လည်း မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းစီအလိုက် ထိတွေ့ဆက်ဆံမှုများကို ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။ အပြုသဘောဆောင်သော မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် ထောက်ခံကူညီအားပေးသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို မြန်မာနိုင်ငံက ကျေးဇူးတင်ရှိသည်။

အာဆီယံနိုင်ငံများ၏ အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်း၍ ယခင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်က ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်သည် အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့် အပြန်အလှန်ဆက်နွှယ်မှုရှိသည့်အတွက် မြန်မာနိုင်ငံသည် မိမိ၏အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ မိမိနိုင်ငံ၏ ပကတိအခြေအနေများအပေါ် မူတည်၍ အာဆီယံမိသားစုစိတ်ဓာတ်ဖြင့် အဖြစ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထို့ပြင် အာဆီယံနှင့် ဆက်ဆံရေးတိုးမြှင့်နိုင်ရေးအတွက် အာဆီယံရေးရာကော်မတီကို ၂၉-၉-၂၀၂၆ ရက်တွင် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့ပြီး အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်နေမှုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးချုပ် ရုံးသို့ ၁၄-၁၀-၂၀၂၆ ရက်တွင် ဖြန့်ဝေပေးပို့ခဲ့သည်။

ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်မှစ၍ နှစ်ပေါင်း (၇၀) ကျော်ကြာ အမြစ်တွယ်ခြင်းဖြစ်ပြီး၊ ယင်းသောင်းကျန်းမှုများကို အလုံးစုံ ချုပ်ငြိမ်းစေရန် နိုင်ငံတော်အစိုးရ အဆက်ဆက်က နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထို့အတူ လက်ရှိအစိုးရသည်လည်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်း အတိုင်း ကြိုးပမ်းဆောင်ရွက်မှု အရှိန်အဟုန်ကို မြှင့်တင်လျက် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ပါဝင်ရန် သက်ဆိုင်သူများအားလုံးကို အကြိမ်ကြိမ် ဖိတ်ခေါ်လျက်ရှိသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) သည် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) များနှင့် (၁၀၉) ကြိမ်၊ NCA လက်မှတ်မရေးထိုးရသေးသည့် EAOs များနှင့် (၃၃) ကြိမ်၊ နိုင်ငံရေးပါတီများနှင့် (၂၂) ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် (၁၃) ကြိမ်၊ ငြိမ်းချမ်းရေးစကားပြိုင်း (၁) ကြိမ်၊ ငြိမ်းချမ်းရေးဖိုရမ် (၂) ကြိမ်၊ စုစုပေါင်းအကြိမ် (၁၈၀) တွေ့ဆုံဆွေးနွေးခဲ့သည်။ အလားတူ အစိုးရသည် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဝင်များအား ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရန် အကြိမ်ကြိမ်ဖိတ်ခေါ်ခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အကြမ်းဖက်အဖွဲ့ဝင်များ စုစုပေါင်း (၅,၈၇၁) ဦးသည် ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာခဲ့ပြီး ဆက်လက်ပြီးဝင်ရောက်ရန် ဆက်သွယ်လျက်ရှိသူများလည်းရှိသည်။

လက်ရှိ ရွေးကောက်ခံအစိုးရလက်ထက်တွင်လည်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NSPNC ကို ပြင်ဆင်ဖွဲ့စည်း၍ NCA မူဘောင်အောက်မှ ကြိုတင်ကန့်သတ်ချက်များ မထားရှိဘဲ တွေ့ဆုံဆွေးနွေးနိုင်ရေး ဖိတ်ခေါ်လျက်ရှိရာ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအပြင် ငြိမ်းချမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံ ဆွေးနွေးမှုပေါင်း (၃၈) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေများအရ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားများသာရှိပြီး နိုင်ငံရေးအကျဉ်းသားများမရှိပါ။ နိုင်ငံတော်တည်ဆောက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို ရှေးရှု၍ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဥ)၊ ၅၂(က) ဖြင့် တရားစွဲဆိုခံထားရသူ စုစုပေါင်း ၅,၄၄၄ ဦး၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က)၊ ၅၀၅(ခ) ဖြင့် တရားစွဲဆိုခံထားရသူ စုစုပေါင်း ၇,၈၉၄ ဦးနှင့် နိုင်ငံသားနှင့် နိုင်ငံခြားသားအကျဉ်းသား စုစုပေါင်း ၁၂၆,၉၆၄ ဦးကို ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် အချုပ်အခြာအာဏာ၊ ပိုင်နက်နယ်မြေနှင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာတို့ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည့်အားလျော်စွာ လိုအပ်သည့် တုံ့ပြန်မှုများကိုသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း ပြည်တွင်းဥပဒေများ၊ ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (Rules of Engagement) နှင့်အညီ အနည်းဆုံး အင်အားဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်း သာဖြစ်သည်။

လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် အဟာစင်တာ (AHA Centre) နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပြီးခဲ့သည့် ၅ နှစ်တာကာလအတွင်း AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၀.၁၅ သန်းကျော်ပေးအပ်ခဲ့သည်။

အာဆီယံမှပေးအပ်သည့် လူသားချင်းစာနာမှုအကူအညီများအပြင် နိုင်ငံတော်အစိုးရသည် မိုခါဆိုင်ကလုန်းမုန်တိုင်းအတွက် အမေရိကန်ဒေါ်လာ ၃၇.၃၈၂ သန်းခန့်၊ ရာဂီတိုင်ဖွန်း မုန်တိုင်းအတွက် အမေရိကန်ဒေါ်လာ ၅၀.၇၂၀ သန်းခန့်၊ မန္တလေးငလျင်အတွက် အမေရိကန်ဒေါ်လာ ၁,၆၃၉.၄၆၃ သန်းခန့်၊ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ဘေးသင့်သူများကို ထောက်ပံ့ရန် အမေရိကန်ဒေါ်လာ ၂.၄၇၆ သန်းခန့်၊ ယာယီနေရပ်စွန့်ခွာသူများအတွက် အမျိုးသားဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အမေရိကန်ဒေါ်လာ ၆၈.၇၄၂ သန်းခန့်၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁.၈ ဘီလီယံခန့်ကို မြန်မာပြည်သူများအတွက် ကျခံသုံးစွဲခဲ့သည်။ AHA Centre မှတစ်ဆင့် လူသားချင်းစာနာမှု အကူအညီများ အကူအညီပေးအပ်နိုင်ရေးကို လုံခြုံရေးအရ ခွင့်ပြုနိုင်သည့်ဒေသများတွင် မြန်မာနိုင်ငံသည် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ရာတွင် စည်းမျဉ်းကိုအခြေခံသည့် အာဆီယံသည် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံလျက်ရှိပြီး အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများ၊ အထူးသဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု တန်းတူညီမျှရှိမှု၊ ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်မှုနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်မှုတို့ကို လေးစားလိုက်နာခြင်း မရှိသည်မှာ အလွန်ပင် စိတ်မကောင်းဖွယ်ရာ ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ သဘောထားအမြင်များ၊ အကြံပြုချက်များနှင့် ရပ်တည်ချက်များကို အကြိမ်ကြိမ် လျစ်လျူရှုခဲ့ပြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှ ခံစားရရှိမည့် တန်းတူအခွင့်အရေးများနှင့် အပြည့်အဝကိုယ်စားပြုခွင့်များကို ဆက်လက်ငြင်းပယ်ခဲ့ရာ ထိုကဲ့သို့သော ဆောင်ရွက်ချက်များသည် အာဆီယံအသိုက်အဝန်း၏ အခြေခံအုတ်မြစ်ဖြစ်သော အားလုံးပါဝင်ရေး၊ တန်းတူညီမျှမှုရှိရေး၊ အပြန်အလှန်လေးစားရေးနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ချက် ချမှတ်ရေးတို့နှင့် ဆန့်ကျင်နေရုံသာမက အာဆီယံပဋိညာဉ်စာတမ်းနှင့်အာဆီယံ၏ စံနှုန်းကျင့်ဝတ်များအား တစ်သမတ်တည်း အကောင်အထည်ဖော်မှုအပေါ် စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေခဲ့သည်။

အာဆီယံထိပ်သီးအစည်းအဝေးများသို့ အဖွဲ့ဝင်နိုင်ငံများ၏ တက်ရောက်မှုနှင့်ပတ်သက်၍ သတ်မှတ်ချက်ကို သက်ဆိုင်ရာနိုင်ငံကသာ အာဆီယံပဋိညာဉ်စာတမ်းပါ အခန်း(၄)၊ အပိုဒ်(၇) နှင့်အညီ တက်ရောက်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ခွဲခြားဆက်ဆံမှုသည် အာဆီယံပဋိညာဉ်စာတမ်းနှင့် မကိုက်ညီသလို အစဉ်အလာလည်း မရှိခဲ့ပါ။

အာဆီယံသည် အာဆီယံပဋိညာဉ်စာတမ်းတွင် ပါရှိသည့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု လေးစားရေး၊ တန်းတူညီမျှမှုရှိရေး၊ အားလုံးပါဝင်ရေးနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ရေးစသည့် မူလအခြေခံမူများကို ထိန်းသိမ်းစောင့်ရှောက်လိမ့်မည်ဟု မြန်မာနိုင်ငံက ရိုးသားစွာ ယုံကြည်မျှော်လင့်သည်။ သို့ရာတွင် အာဆီယံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများကို လိုက်နာရန် ဆက်လက်ပျက်ကွက်နေမည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတော်၏ ဂုဏ်သိက္ခာအရလည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒသဘောထားများအရ လည်းကောင်း အဆိုပါအခြေခံမူများကို လေးစားလိုက်နာရန် အခက်အခဲရှိမည်ဖြစ်ကြောင်း အသိပေးဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်

ရေသည် အသက်၊ ရေအသက် တစ်မနက်၊ မြေအောက်ရေကို ထိန်းသိမ်းပါ

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အစည်းအဝေးတွင် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးစနစ်ဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်လျက်ရှိရာ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးအတွက် အဓိကနည်းလမ်းလေးသွယ်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းတို့ကို စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သွင်းအားစုများ တောင်သူများလက်ဝယ် စိုက်ပျိုးရာသီ အချိန်မီ ရောက်ရှိရေး ဖြန့်ဖြူးပေးနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်



များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ကိုယ်ကျိုးစီးပွား တစ်ခုတည်းကိုသာ ဦးတည်ဆောင်ရွက်ခြင်း မပြုဘဲ စံချိန်စံညွှန်းပြည့်မီရေး၊ ဈေးနှုန်း မှန်ကန်မျှတရေးနှင့် အမျိုးသားအကျိုးစီးပွား၊ တောင်သူအကျိုးစီးပွားကို ရေးရှု၍ ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက သွင်းအားစုများဖြစ်သည့် မျိုး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး အရည်အသွေးနှင့် အာမခံချက်ဆိုင်ရာ ဥပဒေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး မြန်မာနိုင်ငံ မြေဩဇာမျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မရှင်အဖွဲ့ အတွင်းရေးမှူးက ၂၀၂၆–၂၀၂၈ ခုနှစ် သက်တမ်းကာလအတွက် ရွေးချယ်ခံရသည့် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ စာရင်းကို ကြေညာခြင်း၊ အကျိုးဆောင်စာရင်းစစ်က Active Member အရေအတွက်နှင့် ငွေစာရင်းရှင်းတမ်းအား ဖတ်ကြားတင်ပြခြင်း၊ ၂၀၂၆ – ၂၀၂၈ သက်တမ်းကာလ ဥက္ကဋ္ဌက ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဖလမ်း နိုဝင်ဘာ ၂၁

ဖလမ်းမြို့ဖိရ်ထောက်ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ သွားရောက် ကြည့်ရှုအားပေးပြီး အသုံးမပြုသည့် စာသင်ခန်းများ၊ ကျောင်းသုံးပစ္စည်းများ၊ ဆယ်တင်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းရန် မှာကြားသည်။

ဆက်လက်၍ နေရပ်ပြန် ဒေသခံပြည်သူများ၏ ဈေးဆိုင်ဖွင့်လှစ်မှု အခြေအနေများကို ကြည့်ရှု၍ ကုန်စည်စီးဆင်းမှုအခြေအနေ၊ စားဝတ်နေရေး၊ စီးပွားရေး အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းကာ အားပေးစကား ပြောကြားပြီး ဖလမ်းမြို့သို့ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ နေရပ်ပြန်လာပြီး ခြောက်လတာ ကာလအတွင်း လူမှုစီးပွားဘဝများ မြင်သာစွာ တိုးတက်လာပြီး စိုက်ပျိုးရေး လုပ်ငန်းများကိုလည်း ပြန်လည် လုပ်ကိုင်လာကြပြီဖြစ်သည့်အတွက် စိုက်ပျိုးရေး ထွက်ကုန်များမှတစ်ဆင့် ဒေသဝင်ငွေတိုးတက်ဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ရန်နှင့် မျိုးစေ့သီးနှံများ မျိုးကောင်းမျိုးသန့်ရရှိရေး သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး အဆောက်အအုံနှင့် သုံးထပ်ဆောင် ဝန်ထမ်းအိမ်ရာ ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများကို စနစ်တကျ နေရာချထားနိုင်ရေး ပေါင်းစပ်ညှိနှိုင်း မှာကြားကာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး အဆောက်အအုံ ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



◆ *ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးမှ*

ဆင့်ခေါ်ရေးအဖွဲ့များက ဥပဒေ၊ နည်းဥပဒေ သတ်မှတ်ချက်များအတိုင်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော ပြည်သူ့စစ်မှုထမ်းဆောင်ရန် အလှည့်ကျသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အချိန်သားရေးတာဝန်ကို ရှောင်လွှဲလိုသဖြင့် အခြားရပ်ရွာများသို့ ရှောင်တိမ်းခြင်း၊ ပြည်ပသို့ ထွက်ခွာခြင်း၊ အခကြေးငွေဖြင့် လူအစားထိုးခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ထိုကဲ့သို့ အကြောင်းအမျိုးမျိုးပြ ရှောင်တိမ်းသူများအား ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ စောင့်ကြည့်ဆင့်ခေါ်ခြင်း ပြုလုပ်နေခြင်းအပေါ် အချို့ မြို့ရွာများတွင် မသမာသူများကပါ တာဝန်ရှိသူများအဖြစ် အယောင်ဆောင်ပြီး အဓမ္မဖမ်းဆီးငွေကြေးရယူကာ ပြည်သူ့စစ်မှုထမ်းအဖြစ် စာရင်းသွင်း ဝင်ရောက်စေခြင်း၊ အချို့ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် ၎င်းတို့၏ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူ့စစ်မှုထမ်းဆောင်ရန် သွားရောက်မည့်သူများကို ထောက်ပံ့ပေးရန် အကြောင်းပြု၍ လစဉ်ငွေကြေးကောက်ခံခြင်း၊ ရှောင်တိမ်းသူများအစား အခကြေးငွေပေး၍ လူစားထိုးထမ်းဆောင်စေခြင်းများပြုလုပ်ရန် တရားမဝင် ငွေကြေးကောက်ခံခြင်းများ ဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။

လက်ရှိဖြစ်ပေါ်နေသော အဓမ္မဖမ်းဆီးဆင့်ခေါ်ခြင်း၊ တရားမဝင် ငွေကြေးကောက်ခံခြင်းများသည် မသမာသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများအား ချိုးဖောက်ပြီး တရားမဝင်လုပ်ဆောင်နေမှုများသာဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အထူးအလေးထား စိစစ်ဖော်ထုတ် အရေးယူမှုများ ပြုလုပ်လျက်ရှိပါသည်။


တရားမဝင်ငွေကြေးကောက်ခံသူများနှင့် အဓမ္မဖမ်းဆီးဆင့်ခေါ်သူများအား ပြည်ထဲရေးဝန်ကြီးဌာန မှ စိစစ်ဖော်ထုတ် အရေးယူလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ငွေကြေးဆိုင်ရာ ၄၉ မှု၊ တရားခံ ၁၀၂ ဦးနှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ ၂၂ မှု၊ တရားခံ ၉၇ ဦး၊ စုစုပေါင်း ၇၁ မှု၊ တရားခံ ၁၉၉ ဦးတို့အား အရေးယူထားရှိပြီး ဖြစ်ပါသည်။ ထို့ပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သို့ တိုင်ကြားလာမှုကြောင့် အရေးယူရသည့် ငွေကြေးဆိုင်ရာ ၁၈၂ မှုတွင် အရေးယူပြီးစီးမှု ၉၁ မှု၊ စိစစ်ဆဲ ၅၆ မှု၊ မမှန်မကန်တိုင်ကြားမှု ၃၅ မှုနှင့် အဓမ္မဆင့်ခေါ်မှုဆိုင်ရာ ၄၃ မှုတွင် အရေးယူပြီးစီးမှု ၁၇ မှု၊ စိစစ်ဆဲ ၁၄ မှု၊ မမှန်မကန်တိုင်ကြားမှု ၁၂ မှုရှိခဲ့ပြီး ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူထားပြီး ဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များအား အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များမှ အကောင်အထည်ဖော်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့် အညီ စနစ်တကျ လုပ်ဆောင်စေရေး အလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူများအား အတင်းအဓမ္မခြိမ်းခြောက်ဆင့်ခေါ်ခြင်း၊ ညအချိန် ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ငွေကြေးဖြင့် လူအစားထိုး ဆင့်ခေါ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် တရားမဝင်ငွေကြေးကောက်ခံခြင်းများ လျော့နည်းပပျောက်စေရေး ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူခြင်းများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါသည်။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့်လည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် သတင်းပေးတိုင်ကြားနိုင်မည့် ဖုန်းနံပါတ်များအား သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ကာကွယ်ရေးဝန်ကြီးဌာန

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၀-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၂-၁၁-၂၀၂၆ ရက်နေ့မှ ၂၅-၁၁-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



* *ရွေ့ဖိုးမှ*

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့ အပြားနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရှမ်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသော လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သဘော်များ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

မြန်မာ့အလင်း

သစ်တောတွေ ထိန်း၊ တောတွေ စိမ်းမှ၊ ငြိမ်းချမ်း ပြည်ရွာ၊ နိုင်ငံသာ၏

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူသည့်အခါ မှန်ကန်မှုရှိစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်



မုံရွာ နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုများတွင် အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူသည့်အခါ မှန်ကန်မှုရှိစေရေးအတွက် အုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ထို့ပြင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရာတွင် ဆန္ဒမဲပေးခွင့်ရှိသည့် အသက် (၁၈) နှစ်အထက် မဲဆန္ဒရှင်စာရင်းများ ကျန်ရှိမှုမရှိစေရေး၊ အချက်အလက် မှားယွင်းခြင်းများမရှိစေရေးတို့ကို ကော်မတီအဖွဲ့ဝင်အားလုံး အလေးထားကာ စနစ်တကျဆောင်ရွက်သွားကြရန်၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းအခက်အခဲများရှိပါက တိုင်းဒေသကြီးအဖိုးရအဖွဲ့ထံ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုများတွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများအပေါ် ပေါ်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး
(ပြန်/ဆက်)

ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး (MR) ထပ်ဆောင်းထိုးနှံရေးလှုပ်ရှားမှုလုပ်ငန်း ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၂၁

ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး (MR) ထပ်ဆောင်းထိုးနှံရေး လှုပ်ရှားမှုလုပ်ငန်း (MR Campaign) ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ တင်ထွန်းသည် ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသော ကလေးငယ်များနှင့် မိဘများအား ရင်းရင်းနှီးနှီး နူတ်ဆက်အားပေးစကား ပြောကြားကာ ကာကွယ်ဆေးထိုးနှံပြီးသော ကလေးငယ်များကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ဆေးရုံအတွင်းရှိ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ကာကွယ်ဆေး သိုလှောင်ခန်း၊ ဆေးစတို၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် ပြင်ပလူနာဌာနတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအား တွေ့ဆုံနှုတ်ဆက်ကာ အားပေးစကား ပြောကြားပြီး အစာအာဟာရများ ထောက်ပံ့ပေးအပ်၍ ပြည်သူ့ဆေးရုံရှိ ကျန်းမာရေး ဝန်ထမ်းများကို လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့သည်။

အဆိုပါ ခရီးစဉ်အတွင်း ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၏ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ECG စက်၊ ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာ အသုံးအဆောင် ပစ္စည်းများကိုလည်း ထောက်ပံ့ပေးအပ်ပြီး ဆောက်လုပ်ဆဲ လေးနန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတို့အကြား ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ "ITEC မိတ်ဖက်နိုင်ငံများမှ တရားသူကြီးများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း (မြန်မာ)"သို့ တက်ရောက်ရန် ဒသမအကြိမ်အဖြစ် သင်တန်းသား ၄၀ စေလွှတ်



နေပြည်တော် နိုဝင်ဘာ ၂၁

အိန္ဒိယနိုင်ငံ မတ်ဒရာပရာဒက်ရှ်ပြည်နယ် ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေး အကယ်ဒမီ (National Judicial Academy–NJA) တွင် နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ဒသမအကြိမ်မြောက် အဖြစ် ဖွင့်လှစ်မည့် "ITEC မိတ်ဖက်နိုင်ငံများမှ တရားသူကြီးများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း (မြန်မာ)" သို့ တက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်နယ်တရားရေးဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် တရားသူကြီးများ၊ တရားရေးအရာရှိများ ပါဝင်သည့်သင်တန်းသား ၄၀ သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာသွားသည်။

သင်တန်းသား များသည် အဆိုပါသင်တန်း၌ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၊ အိန္ဒိယနိုင်ငံတရားစီရင်ရေးစနစ်၊ တရားသူကြီးကျင့်ဝတ်၊ စီရင်ချက်ရေးသားခြင်း၊ တရားရုံးစီမံခန့်ခွဲမှု၊ သက်သေခံဥပဒေ၊ တရားမနှင့် ရာဇဝတ်မှုများ စစ်ဆေးစီရင်ရာတွင် မှုခင်းဆေးပညာ၊ သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန် အကာအကွယ်ပေးရာတွင် တရားစီရင်ရေးကဏ္ဍ၊ အခြားသောနည်းလမ်းဖြင့် အငြင်းပွားမှုဖြေရှင်းခြင်း၊ ရာဇဝတ်မှုခင်းများ စီမံခန့်ခွဲခြင်း၊ အီလက်ထရောနစ်နည်းလမ်းဖြင့် ကျူးလွန်သည့် ပြစ်မှုများနှင့် ဥာဏ်ရည်တုနည်းပညာနှင့် တရားစီရင်ရေးဆိုင်ရာကြီးကြပ်မှုတို့ကို လေ့လာသင်ယူခွင့် ရရှိကြမည်အပြင် လေ့လာရေးခရီးအဖြစ် အိန္ဒိယနိုင်ငံ၊ ဘိုပါးမြို့ရှိတရားရုံးများ၊ ယဉ်ကျေးမှုပြတိုက်၊ တိုင်းရင်းသားများပြတိုက်၊ လေ့လှော်အသင်းနှင့် ယူနက်စကိုကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပုထိုးတော်ကြီးတည်ရှိရာနေရာ ဘိုပါး၊ ဆန်းချိမြို့သို့လည်း သွားရောက်လေ့လာခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ သင်တန်းအစီအစဉ်သည် ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ၊ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတို့အကြား ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း ဆိုင်ရာနားလည်မှုစာချွန်လွှာအရ စေလွှတ်ခြင်းဖြစ်ပြီး၊ ယခု ဒသမအကြိမ်မြောက် သင်တန်းအပါအဝင် စုစုပေါင်းသင်တန်းသား ၄၀၀ စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်းထန်စွာကန့်ကွက်ရှုတ်ချခြင်း

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူမျိုးသုည်းသတ်ဖြတ်မှုများ ရှိခဲ့သည်ဟုဆိုပြီး ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) ၌ တရားစွဲဆိုထားသည့်အမှုကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အပြီးသတ်အမိန့်ချမှတ်ခဲ့ရာ (genocide) လူမျိုးသုည်းသတ်ဖြတ်မှုမြောက်သည်ဟု (ICJ) တရားရုံးက တစ်ဖက်သတ် ဆုံးဖြတ်ချက်အမိန့်ချမှတ်ခဲ့ပါသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုည်းသတ်ဖြတ်ခဲ့ခြင်းမရှိဘဲ ပဋိပက္ခဖြစ်ပွားစဉ်အတွင်း ဒေသခံများ၊ မြန်မာတိုင်းရင်းသားများနှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစေခဲ့ကာသည့် ARSA အကြမ်းဖက်သမားများအား တုံ့ပြန်ခဲ့သည့် စစ်ဆင်ရေးသာဖြစ်သည်။ ARSA အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှု၊ ဖျက်ဆီးမှု၊ သတ်ဖြတ်မှု၊ အကြမ်းဖက်မှုများကြောင့် မြို့ရွာများ ပျက်စီးခဲ့ရပြီး ဒေသနေသူများနှင့်ဘင်္ဂလီများ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်းကို အချက်အလက်၊ အထောက်အထား၊ မှတ်တမ်းများဖြင့် တိကျစွာလျှောက်လဲ တင်ပြခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မတရားစွပ်စွဲခံရခြင်းသာဖြစ်ပြီး အပြီးသတ် အမိန့်မချမှတ်ခင် ကြားဖြတ်အမိန့်များ ချမှတ်စဉ်ကတည်းက ညွှန်ကြားချက်အတိုင်း နိုင်ငံတကာစံနှုန်းများနှင့်အညီ အတိအကျ လိုက်နာဆောင်ရွက်ခဲ့သည်။ ယခုအပြီးသတ်အမိန့်ချမှတ်ခဲ့ရာတွင် တရားသူကြီး ၁၅ ယောက်စလုံး၏ ဆုံးဖြတ်ချက်ကို သဘောတူညီခဲ့ခြင်းမဟုတ်ဘဲ တရားသူကြီး ၉ ယောက်က သဘောတူညီခဲ့ပြီး တရားသူကြီး ၆ ယောက်က သဘောမတူ ကန့်ကွက်ခဲ့သောကြောင့် အားလုံးတညီတညွတ်တည်း ဆုံးဖြတ်ခဲ့ခြင်းမဟုတ်သည့်အတွက် (ICJ)တရားရုံး၏ ဆုံးဖြတ်ချက်သည် တရားမျှတမှုလုံးဝ မရှိကြောင်း ထင်ရှားပေါ်လွင်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်၍ မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို မြန်မာနိုင်ငံရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းဖြင့် ဖြေရှင်းသွားမည်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် မြန်မာနိုင်ငံအပေါ် အပြီးသတ်အမိန့်ချမှတ်ခဲ့သည့်အမှုသည် တရားမျှတမှု လုံးဝ (လုံးဝ) မရှိပါသဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

(မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ (အပိုင်း ၆)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စာရေးသူတက်ရောက်ဆွေးနွေးခွင့်ရရှိခဲ့ပါသည်။ ထိုအထဲမှာမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ရေးသားဆွေးနွေးလိုပါသည်။

မောင်ပြေ(ဆင်ပေါင်ဝဲ)

ဆက်လက်ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံ၌ စိုက်ပျိုးမွေးမြူရေး ပညာသင်ကြား၊ သုတေသနပြုနေသော တက္ကသိုလ်များအကြောင်းကို ဆက်လက်ရေးသားဆွေးနွေးပါမည်။

ထိုင်းနိုင်ငံရှိ စိုက်ပျိုးမွေးမြူရေး ပညာသင် တက္ကသိုလ်များနှင့် နိုင်ငံ၏စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ယင်းတို့၏ အခန်းကဏ္ဍ

ထိုင်းနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အဆင့်မြင့်ပညာရေး၊ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အားကောင်းသော ပညာရေးစနစ်တစ်ခုကို တည်ဆောက်ထားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

ထိုင်းနိုင်ငံရှိ တက္ကသိုလ်များသည် နိုင်ငံတကာ တက္ကသိုလ်များနည်းတူ ဘာသာရပ်စုံ သင်ကြားပေးနေသော တက္ကသိုလ်များဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါလုပ်ငန်းများမှတစ်ဆင့် အရေးပါသော အထောက်အပံ့များပေးလျက်ရှိပါသည်-

- နိုင်ငံအတွက်လိုအပ်သော စိုက်ပျိုးမွေးမြူရေး ပညာရှင်များ နှစ်စဉ်မွေးထုတ်ပေးနေခြင်း၊
- စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေခြင်း၊
- ခေတ်မီစိုက်ပျိုးမွေးမြူရေး နည်းပညာများ တီထွင်အသုံးချနေခြင်း၊
- တောင်သူလယ်သမားများအား ပညာပေးလေ့ကျင့်သင်ကြားပေးနေခြင်း၊
- စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ၏ အရည်အသွေးနှင့် တန်ဖိုးမြှင့်တင်ပေးနေခြင်း၊
- ပုဂ္ဂလိကလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်း စသည်တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး အဆင့်မြင့် ပညာရေးစနစ်နှင့် စိုက်ပျိုးရေးသုတေသနစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထိုင်းနိုင်ငံ၏ အတွေ့အကြုံများက လေ့လာအတုယူဖွယ်ရာများ ဖြစ်ပါသည်။

ထိုင်းနိုင်ငံရှိ စိုက်ပျိုးမွေးမြူရေးဘာသာရပ်များ သင်ကြားပို့ချသော အဓိကတက္ကသိုလ်များ

ထိုင်းနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးဘာသာရပ်များကို သင်ကြားပို့ချသည့် တက္ကသိုလ်များစွာ ရှိပါသည်။ အချို့တက္ကသိုလ်များတွင် စိုက်ပျိုးရေးမဟာဌာန၊ မွေးမြူရေးသိပ္ပံမဟာဌာန၊ ငါးပုစွန်သိပ္ပံမဟာဌာနများကို သီးခြားဖွဲ့စည်းထားပြီး အချို့တက္ကသိုလ်များတွင် စိုက်ပျိုးရေးနည်းပညာ၊ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ ဇီဝနည်းပညာ၊ အစားအစာ သိပ္ပံနှင့် သဘာဝသယံဇာတဆိုင်ရာ ဘာသာရပ်များ အဖြစ် သင်ကြားပို့ချကြပါသည်။

(က) အဓိကအစိုးရတက္ကသိုလ်များ

(က-၁) Kasetsart University (KU) – ကဆက်ဆတ် တက္ကသိုလ်။ စိုက်ပျိုးမွေးမြူရေး ဘာသာရပ်စုံလင်သော တက္ကသိုလ်ဖြစ်ပြီး တက္ကသိုလ်နယ်မြေ ငါးခု



ကဆက်ဆတ်တက္ကသိုလ်

ရှိကာ ဤတက္ကသိုလ် တစ်ကျောင်းထဲမှ စိုက်ပျိုးမွေးမြူရေးပညာအထူးပြဘွဲ့ရ ၂၀၀၀-၂၅၀၀ ခန့် နှစ်စဉ် မွေးထုတ်ပေးလျက်ရှိနေပါသည်။

- တည်နေရာ – ဘန်ကောက်မြို့၊
- စိုက်ပျိုးရေး၊ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ ငါးလုပ်ငန်း၊ သစ်တော၊ မွေးမြူရေးနှင့် အစားအစာစက်မှုဆိုင်ရာ ဘာသာရပ်များ၊
- အဓိကဘာသာရပ်များ – သီးနှံစိုက်ပျိုးရေး၊ မြေဆီလွှာသိပ္ပံ၊ ဥယျာဉ်ခြံသီးနှံ၊ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ အစားအစာနည်းပညာနှင့် စိုက်ပျိုးရေးစီးပွားရေး၊
- Website – https://www.ku.ac.th/en

(က-၂) Maejo University (MJU) – မယ်ဂျို တက္ကသိုလ်

- တည်နေရာ – ချင်းမိုင်မြို့၊
- စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် စိုက်ပျိုးရေးထွက်ကုန် ပြုပြင်ထုတ်လုပ်ရေး၊
- အဓိကဘာသာရပ်များ – အော်ဂဲနစ်စိုက်ပျိုးရေး၊ သီးနှံထုတ်လုပ်မှု၊ စမတ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေးအင်ဂျင်နီယာနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေး (Sustainable Agriculture)။
- Website – https://www.mju.ac.th/en/

(က-၃) Chiang Mai University (CMU) – ချင်းမိုင် တက္ကသိုလ်

- တည်နေရာ – ချင်းမိုင်မြို့၊
- စိုက်ပျိုးရေးဌာန (Faculty of Agriculture) ရှိပါသည်။
- အဓိကဘာသာရပ်များ – သီးနှံစိုက်ပျိုးရေး၊ ဥယျာဉ်ခြံသီးနှံ၊ မြေဆီလွှာသိပ္ပံ၊ စိုက်ပျိုးရေးစီးပွားရေး၊ တောင်ပေါ်ဒေသ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး ဇီဝနည်းပညာ။
- Website–https://www.cmu.ac.th/en/home

(က-၄) Khon Kaen University (KKU) – ခွန်ကဲန် တက္ကသိုလ်

- တည်နေရာ – ခွန်ကဲန်မြို့၊
- စိုက်ပျိုးမွေးမြူရေးမဟာဌာန ရှိပါသည်။
- အဓိကဘာသာရပ်များ – သီးနှံထုတ်လုပ်ရေး၊ မွေးမြူရေး၊ မြေဆီလွှာသိပ္ပံ၊ စိုက်ပျိုးရေးစီးပွားရေးနှင့် အပူပိုင်းဒေသ စိုက်ပျိုးရေး၊
- အထူးသဖြင့် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက် အကူပြုသည်။
- Website – https://www.kku.ac.th/en/

(က-၅) Prince of Songkla University (PSU)– ဆုန်ခလာမင်းသားတက္ကသိုလ်

- တည်နေရာ – ထိုင်းနိုင်ငံတောင်ပိုင်း၊
- အဓိကဘာသာရပ်များ – သဘာဝသယံဇာတ၊ အစားအစာသိပ္ပံ၊ ရော်ဘာ၊ ဆီအုန်း၊ ငါးလုပ်ငန်းနှင့် ရေမွေးမြူရေး၊
- တောင်ပိုင်းဒေသရှိ ရော်ဘာနှင့် ဆီအုန်းလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အရေးပါသည်။
- Website https://www.psu.ac.th/en/

(က-၆) Ubon Ratchathani University (UBU)– ဥဘွန်ရတ်ချဏ္ဍာနီတက္ကသိုလ်

- တည်နေရာ – ဥဘွန်ရတ်ချဏ္ဍာနီမြို့၊
- အဓိကဘာသာရပ်များ – စိုက်ပျိုးရေး၊ အပင်သိပ္ပံ၊ မွေးမြူရေး၊ စိုက်ပျိုးရေးနည်းပညာနှင့် အစားအစာထုတ်လုပ်ရေး၊
- ဒေသအလိုက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးနည်းပညာ အသုံးချရေးကို အလေးထားပါသည်။
- Website – https://www.ubu.ac.th/web/ubuenglish/

(က-၇) Naresuan University (NU) – နာရေဆွမ် တက္ကသိုလ်

- တည်နေရာ – ဖစ်ဆာနူလောဂ်မြို့၊
- ဆက်စပ်ဘာသာရပ်များ – စိုက်ပျိုးရေးသိပ္ပံ၊ ဇီဝနည်းပညာ၊ အစားအစာ နည်းပညာနှင့် သဘာဝသယံဇာတ။
- Website – https://www.nu.ac.th/

(ခ) စိုက်ပျိုးရေးနှင့် သက်ဆိုင်သော ဘာသာရပ်များ သင်ကြားပေးသည့် အခြားတက္ကသိုလ်များ

တက္ကသိုလ်	တည်နေရာ	အဓိကဆက်စပ်ဘာသာရပ်များ
Suranaree University of Technology	နခွန်ရတ်ချဘီမာ	စိုက်ပျိုးရေးနည်းပညာ၊ မွေးမြူရေး၊ အစားအစာနည်းပညာ
Thammasat University	ပထုမ်ဌာနီ	စိုက်ပျိုးရေးဆန်းသစ်တီထွင်မှု၊ ဇီဝနည်းပညာ
Silpakorn University	နခွန်ပထုမ်	ဇီဝနည်းပညာ၊ အစားအစာသိပ္ပံ
Rajamangala University of Technology Thanyaburi	ပထုမ်ဌာနီ	စိုက်ပျိုးရေးနည်းပညာ အင်ဂျင်နီယာ
Rajamangala University of Technology Isan	ခွန်ရတ်ချဘီမာ	စိုက်ပျိုးရေးအင်ဂျင်နီယာ၊ စက်မှုလယ်ယာ

